# ဥပဒေပြုရေးဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲများအပေါ်လေ့လာခြင်း (အိုက်စလန်နိုင်ငံ)

## ထက်လင်း (ဦးရာဇ်မြို)

### နိုင်ငံသမိုင်းအကျဉ်း (တည်နေရာ၊ အကျယ်အဝန်း၊ လူဦးရေ)

အိုက်စလန်နိုင်ငံသည် မြောက်အတ္တလန္တိတ်နှင့် အာတိတ်သမုဒ္ဒရာတို့ဆုံရာဖြစ်သော ဂရင်းလန်း၏ အရှေ့ဘက်နှင့် အာတိတ်စက်ဝိုင်း၏ တောင်ဘက်၊ စကော့တလန်မှ ကီလိုမီတာ ၈၆၀ (မိုင် ၅၃၀) နှင့် နယူးယောက်စီးတီးမှ ကီလိုမီတာ ၄၂၀၀ (မိုင် ၂၆၀၀) ကွာဝေးသော မြောက်အတ္တလန္တိတ် သမုဒ္ဒရာတွင် တည်ရှိသည့် ကျွန်းနိုင်ငံတစ်ခုဖြစ်သည်။ ဥရောပတိုက်၏ အနောက်ဘက်အကျဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ပြီး နိုင်ငံ့ဧရိယာမှာ ၁၀၃၁၂၅ စတုရန်းကီလိုမီတာ (၃၉၈၁၇ စတုရန်းမိုင်) ကျယ်ဝန်းသည်။ ကမ္ဘာ့ကုလသမဂ္ဂ၏ ၁-၇-၂၀၂၂ ရက်နေ့ စာရင်းဇယားများအရ အိုက်စလန်နိုင်ငံ၏ လူဦးရေမှာ ၃၇၂၈၉၉ ဦး ရှိသည်ဟု ခန့်မှန်းထားပါသည်။ အိုက်စလန်နိုင်ငံသည် စကင်ဒီနေးဗီးယားနိုင်ငံဖြစ်ပြီး ကမ္ဘာပေါ်တွင် ရှေးအကျဆုံး ဒီမိုကရေစီနိုင်ငံဖြစ်၍ ခေတ်မီသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ အခြေချနေထိုင်သူ ၆၀ မှ ၈၀ ရာခိုင်နှုန်းကြားသည် နော်ဝေနိုင်ငံ (Nodic Stock – ဥရောပမြောက်ပိုင်း၊ ဂျာမန်မျိုးနွယ်စပ် စကင်ဒီနေးဗီးယားနိုင်ငံများ) မှ လူမျိုးများဖြစ်ပြီး အခြားကျန်ရှိသော ရာခိုင်နှုန်းများမှာမူ စကော့တလန်နှင့် အိုင်ယာလန်တို့မှ ယင်းလူမျိုး ( Celtic Stock) များဖြစ်ကြသည်။

### အစိုးရဖွဲ့စည်းမှု

အိုက်စလန်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါတီစုံစနစ်ဖြင့် တည်ထောင်ထားရှိသော သမ္မတနိုင်ငံဖြစ်သည်။ နိုင်ငံ၏အကြီးအကဲနှင့် ဦးသျှောင်မှာ သမ္မတဖြစ်သည်။ သမ္မတကို လူထုကတိုက်ရိုက်မဲပေးသည့်စနစ်ဖြင့် ရွေးချယ်တင်မြှောက်သည်။ သမ္မတ၏ တစ်ကြိမ်သက်တမ်းမှာ လေးနှစ်ဖြစ်ပြီး သက်တမ်းအကြိမ်ရေ အကန့်အသတ်မရှိ ဝင်ရောက်ရွေးချယ်ခံ တာဝန်ထမ်းဆောင်နိုင်သည်။ ပါလီမန်လွှတ်တော်တွင် ကိုယ်စားလှယ်နေရာ ၆၃ နေရာရှိသည့်အတွက် ၃၂ နေရာအထက် ရရှိအောင်စုဖွဲ့နိုင်သော ကိုယ်စားလှယ်နေရာအများဆုံး ရရှိသည့် ပါတီများကသာ ညွန့်ပေါင်းအစိုးရအဖွဲ့ကို ဦးဆောင် ဖွဲ့စည်းနိုင်သည်။ ရွေးကောက်ပွဲတစ်ခုပြီးတိုင်းသမ္မတသည် နိုင်ငံရေးပါတီတစ်ခု၏ ခေါင်းဆောင်တစ်ဦးအား အစိုးရအဖွဲ့ဖွဲ့ရန် အခွင့်အာဏာပေးလေ့ရှိပြီး များသောအားဖြင့် အကြီးဆုံးပါတီခေါင်းဆောင်မှ စတင်သည်။ မအောင်မြင်ပါက အစိုးရဖွဲ့ရန် နောက်ထပ် နိုင်ငံရေးပါတီခေါင်းဆောင်တစ်ဦးကို တောင်းဆိုနိုင်သည်။ သမ္မတသည် ဝန်ကြီးချုပ်နှင့် ဝန်ကြီးအဖွဲ့ကို ပါလီမန် (Althingi) ၏ သဘောတူညီချက်ဖြင့် ခန့်အပ်သည်။

ဝန်ကြီးအဖွဲ့သည် အထွေထွေရွေးကောက်ပွဲကျင်းပခြင်း သို့မဟုတ် အစိုးရသစ် မဖွဲ့မချင်း ဆက်လက်အာဏာရှိနေမည် ဖြစ်ပါသည်။ အဆိုပါဝန်ကြီးများသည် ပါလီမန် (Althingi) လွှတ်တော်အစည်းအဝေးသို့ တက်ရောက်နိုင်သော်လည်း ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များကဲ့သို့ မဲပေးခွင့်မရှိပါ။

ကက်ဘိနက် (Cabinet) အစည်းအဝေးသို့ အစိုးရဝန်ကြီးများအားလုံး တက်ရောက်ကြရပြီး လွှတ်တော်ကာလအတွင်း အစည်းအဝေးကို နှစ်ပတ်တစ်ကြိမ်ကျင်းပသည်။ အဆိုပါအစည်းအဝေးများတွင် အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် အစိုးရကိစ္စရပ်များ၊ အစိုးရဥပဒေမူကြမ်းများနှင့် ပါလီမန်သို့ တင်သွင်းရန် ရည်ရွယ်ထားသည့်အဆိုပြုချက်များ




၂၀၂၁ ခုနှစ်က အိုက်စလန်နိုင်ငံ၏ ပါလီမန်ရွေးကောက်ပွဲကျင်းပမှုနှင့် ယှဉ်ပြိုင်သည့်ပါတီများ။

ကို ဆွေးနွေးကြသည်။ ပါလီမန်အစည်းအဝေး စတင်သည့်အခါ အစိုးရအဖွဲ့သည် ၎င်း၏လုပ်ငန်းအစီအစဉ်များကို တင်ပြကြရပါသည်။ နိုင်ငံတော်ကောင်စီကို သမ္မတနှင့် ဝန်ကြီးများ (Cabinet) အဖွဲ့ဖြင့် ဖွဲ့စည်းပြီး နိုင်ငံတော်သမ္မတက သဘာပတိအဖြစ် ဆောင်ရွက်သည်။ နိုင်ငံတော်ကောင်စီ အစည်းအဝေးများတွင် ဥပဒေအသစ်နှင့် အခြားအရေးကြီးသော အစိုးရလုပ်ဆောင်ချက်များကို နိုင်ငံတော်သမ္မတထံဝန်ကြီးများက တာဝန်ယူရှင်းလင်းတင်သွင်းကြရသည်။

အိုက်စလန်ရှိ ဒေသန္တရအစိုးရသည် မူလတန်းပညာရေး၊ မြူနီစီပယ်ဝန်ဆောင်မှုများနှင့် လူမှုရေးအစီအစဉ်များကို စီမံခန့်ခွဲခြင်းအတွက် အဓိက တာဝန်ရှိသည်။ နိုင်ငံကို ပြည်နယ် ၁၇ ခု (Syslu) ဖြင့် ပိုင်းခြားပြီး အဆိုပါပြည်နယ်များကို ၁၀၀ ထက်နည်းသော မြူနီစီပယ်များဖြင့် ထပ်မံပိုင်းခြားထားသည်။ စည်ပင်သာယာရေးအဖွဲ့တစ်ခုစီသည် ရွေးကောက်ခံကောင်စီမှတစ်ဆင့် ဒေသဆိုင်ရာကိစ္စရပ်များကို စီမံခန့်ခွဲသည်။

### အာဏာခွဲဝေကျင့်သုံးမှု

သမ္မတနှင့် ပါလီမန်လွှတ်တော် (Althingi) သည် အုပ်ချုပ်ရေးအာဏာကို ပူးတွဲကျင့်သုံးပြီး သမ္မတ၏အာဏာသည်အနောက်ဥရောပဒီမိုကရေစီနိုင်ငံများရှိ အခြားနိုင်ငံ့ခေါင်းဆောင်များနှင့် ဆင်တူသည်။ တရားစီရင်ရေးအာဏာသည် တရားရုံးချုပ်၊ အယူခံတရားရုံးနှင့် ခရိုင်တရားရုံးတို့၌ တည်ရှိသည်။ တရားစီရင်ရေးတွင် တရားရုံးချုပ်နှင့်အောက်တရားရုံးများပါဝင်ပြီး အများစုမှာ အရပ်ဘက်နှင့် ရာဇဝတ်မှု နှစ်ခုစလုံးကို ကြားနာသည့်စနစ်ဖြစ်သည်။ အမှုများကို ခန့်အပ်ထားသော တရားသူကြီးများက ကြားနာဆုံးဖြတ်သည့်စနစ်ဖြစ်ပြီး ဂျူရီစနစ်မကျင့်သုံးပါ။ အိုက်စလန်၏ ဥပဒေပြုရေးအာဏာကို ပါလီမန်လွှတ်တော် (Althingi) ကသာလျှင် ကျင့်သုံးဆောင်ရွက်နိုင်သည်။

### လွှတ်တော်ဖွဲ့စည်းပုံနှင့် သက်တမ်း

အိုက်စလန်ရှိ ပါလီမန်လွှတ်တော် (Althingi) သည် ကမ္ဘာပေါ်တွင် ရှေးအကျဆုံးဥပဒေပြုလွှတ်တော်များထဲမှ တစ်ခုဖြစ်ပြီး ပါလီမန်ကို ဖျက်သိမ်းပြီးနောက် ရွေးကောက်ပွဲအသစ်များ မကျင်းပပါက လေးနှစ်တာဝန်ထမ်းဆောင်ရသည့် အဖွဲ့ဝင် ၆၃ ဦး ပါဝင်သောတစ်ခုတည်းသော ဥပဒေပြုအဖွဲ့ဖြစ်ပါသည်။ အဖွဲ့ဝင်များအနက် ၅၄ ဦးနှင့် မဲဆန္ဒနယ်ပေါင်းစုံမှ အခြားအဖွဲ့ဝင် ကိုးဦး ရွေးချယ်ပြီး စာရင်းဖွင့်အချိုးကျကိုယ်စားပြုစနစ်ဖြင့် ရွေးကောက်တင်မြှောက်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်ပွဲပြီးနောက် ပါလီမန်လွှတ်တော် (Althingi)ကို နှစ်ပတ်ထက် နောက်မကျစေဘဲ ခေါ်ယူကျင်းပရပါသည်။ လွှတ်တော်ဥက္ကဋ္ဌကို လွှတ်တော်ကိုယ်စားလှယ်များ၏ ထောက်ခံဆန္ဒမဲ သုံးပုံနှစ်ပုံဖြင့် ရွေးချယ်တင်မြှောက်သည်။ အိုက်စလန်နိုင်ငံ ပါလီမန်လွှတ်တော် (Althingi)အတွက် အမတ်နေရာ ခွဲဝေသတ်မှတ်ထားရှိမှုမှာ အနောက်မြောက်မဲဆန္ဒနယ်တွင် ၈ နေရာ၊ အရှေ့မြောက်မဲဆန္ဒနယ်တွင် ၁၀ နေရာ၊ တောင်ပိုင်းမဲဆန္ဒနယ်တွင် ၁၀ နေရာ၊ အနောက်တောင်မဲဆန္ဒနယ်တွင် ၁၃ နေရာ၊ Reykjavyk တောင်ပိုင်းတွင် ၁၁ နေရာနှင့် Rey-kjavyk မြောက်ပိုင်းတွင် ၁၁ နေရာ စသည်ဖြင့် စုစုပေါင်း ၆၃ နေရာသတ်မှတ်ထားသည်။

### ရွေးကောက်ပွဲသမိုင်းနှင့် ကျင်းပသည့် ရွေးကောက်ပွဲများ

အိုက်စလန်နိုင်ငံတွင် တရားရေးဝန်ကြီးဌာနသည် ဥပဒေပြုရေးနှင့် အထွေထွေရွေးကောက်ပွဲကျင်းပရေးတို့ကိုကြီးကြပ်ပြီး အမျိုးသားရွေးကောက်ပွဲကော်မရှင်က အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ (National Parliament, Althingi)၊ သမ္မတရွေးကောက်ပွဲ (Presidential Elections)၊ စည်ပင်သာယာရေးရွေးကောက်ပွဲ(Municipal Elections) နှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ (Referenda) စသည့် ရွေးကောက်ပွဲများကို ကျင်းပသည်။

### ရွေးကောက်ပွဲစနစ်

အိုက်စလန်နိုင်ငံ၌ ၁၉၄၅ ခုနှစ်တွင် စတင်လည်ပတ်ခဲ့သော ရွေးကောက်ပွဲစနစ်သည် ၁၉၄၂ ခုနှစ်တွင် ကနဦး ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ ၁၉၁၅ ခုနှစ်တွင် D' Hondt PR စနစ်ကိုကျင့်သုံးခဲ့ပြီး ၁၉၂၀ ပြည့်နှစ်တွင် Reykjavyk ခရိုင်၌ D' Hondt List System ကို နောက်တစ်ဆင့်အနေဖြင့် အသုံးပြုခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် သန့်စင်သောနှစ်လွှာ PR (a pure two – tier PR System)စနစ်ကို အစားထိုးအသုံးပြုခဲ့ပြီး ဤစနစ်သည်ပင် အိုက်စလန်နိုင်ငံတွင် အခြေခံရွေးကောက်ပွဲစနစ်အဖြစ် ယနေ့အထိ ရှင်သန်ခဲ့သည်။ ဖော်ပြပါရွေးကောက်ပွဲစနစ်ကို ပြင်ဆင်ပြောင်းလဲမှုအချို့ပြုလုပ်ပြီး ရွေးကောက်ပွဲများကို ကျင်းပလာခဲ့ရာ အိုက်စလန်နိုင်ငံ၏ ၂၀၂၁ ခုနှစ်တွင် ကျင်းပခဲ့သောပါလီမန် ရွေးကောက်ပွဲအား စာရင်းဖွင့်အချိုးကျကိုယ်စားပြုစနစ် (Open List PR System) ဖြင့် ကျင်းပပြုလုပ်ခဲ့သည်။

### ရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းမှု

အိုက်စလန်နိုင်ငံ၌ ရွေးကောက်ပွဲကော်မရှင်ကို (၁) အမျိုးသားရွေးကောက်ပွဲကော်မရှင်၊ (၂) မဲဆန္ဒနယ်မြေများ အကြီးတန်းရွေးကောက်ပွဲကော်မရှင် (စည်ပင်သာယာ အကြီးတန်းရွေးကောက်ပွဲကော်မရှင်)၊ (၃) တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် (ခရိုင်ရွေးကောက်ပွဲကော်မရှင်) နှင့် (၄) ဒေသဆိုင်ရာရွေးကောက်ပွဲကော်မရှင် ဟူ၍ ဖွဲ့စည်းထားရှိသည်။

### အဖွဲ့ဝင်အရေအတွက်နှင့် ရာထူးသက်တမ်း

အထွေထွေရွေးကောက်ပွဲ တစ်ခုပြီးနောက် ပါလီမန်လွှတ်တော် (Althingi) သည် အလှည့်ကျအဖွဲ့ဝင်အရေအတွက်တူညီသော အမျိုးသား ငါးဦးပါ အမျိုးသားရွေးကောက်ပွဲကော်မရှင်ကို ရွေးကောက်ခံကိုယ်စားလှယ်များထဲမှ ရွေးချယ်တင်မြှောက်ဖွဲ့စည်းပေးသည်။ အဆိုပါ အမျိုးသား ငါးဦးထဲမှ တစ်ဦးကို ဥက္ကဋ္ဌအဖြစ် ရွေးချယ်ရပြီး ကျန်အဖွဲ့ဝင်များအား အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ခွဲဝေပေးသည်။ အကယ်၍ ပါလီမန်လွှတ်တော်တွင်း ရောက်ရှိနေသော

*စာမျက်နှာ ၁၇ သို့*

“ အိုက်စလန်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါတီစုံစနစ်ဖြင့်တည်ထောင်ထားရှိသော သမ္မတနိုင်ငံဖြစ်သည်။ နိုင်ငံ၏အကြီးအကဲနှင့် ဦးသျှောင်မှာ သမ္မတဖြစ်သည်။ သမ္မတကို လူထုကတိုက်ရိုက် မဲပေးသည့်စနစ်ဖြင့် ရွေးချယ်တင်မြှောက်သည်။ သမ္မတ၏ တစ်ကြိမ်သက်တမ်းမှာ လေးနှစ်ဖြစ်ပြီး သက်တမ်းအကြိမ်ရေ အကန့်အသတ်မရှိ ဝင်ရောက်ရွေးချယ်ခံ တာဝန်ထမ်းဆောင်နိုင်သည်။ ပါလီမန်လွှတ်တော်တွင် ကိုယ်စားလှယ်နေရာ ၆၃ နေရာရှိသည့်အတွက် ၃၂ နေရာအထက် ရရှိအောင် စုဖွဲ့နိုင်သော ကိုယ်စားလှယ်နေရာအများဆုံးရရှိသည့် ပါတီများကသာ ညွန့်ပေါင်းအစိုးရအဖွဲ့ကို ဦးဆောင်ဖွဲ့စည်းနိုင်သည်။

# နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ ဖွင့်လှစ်သော အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၄) သင်တန်းဆင်းပွဲများ ကျင်းပ

**နေပြည်တော် မတ် ၂၄**

နယ်စပ်ဒေသဖွံ့ဖြိုးရေးအစီအစဉ်အရ တိုင်းရင်းသား အမျိုးသမီးငယ်များ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ လူမှုစီးပွားဘဝတိုးတက်မြင့်မားလာစေရန်၊ အမျိုးသမီးများ အိမ်တွင်းမှုအသက်မွေးလုပ်ငန်းပညာများကို တတ်မြောက်ကျွမ်းကျင်ပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်သည်အထိ လုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဖွင့်လှစ်သင်ကြားပေးခဲ့သည့် အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်းပွဲများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) အိမ်တွင်းမှုအသက်မွေးဝမ်းကျောင်းလုပ်ငန်းပညာ သင်တန်းကျောင်း (လားရှိုး)(**အပေါ်ယာပုံ**)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတို့၌ ယနေ့ နံနက်ပိုင်းက ပြုလုပ်ရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းသူများနှင့် သင်တန်းနည်းပြ ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများက သင်တန်းဆင်းအမှာစကား ပြောကြားသည်။ ထို့နောက် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများမှ တာဝန်ခံ ကျောင်းအုပ်များက သင်တန်းကာလအတွင်း သင်ကြားပို့ချခဲ့သည့် သင်ခန်းစာများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းမှူးများက အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် သင်တန်းများတွင် ဆုရရှိသူများကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ပြီး သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်သည်။ ယင်းနောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ခန်းမများအတွင်း ခင်းကျင်းပြသထားသည့် သင်တန်းသူများ၏ အိမ်တွင်းမှုလက်ရာများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

အဆိုပါသင်တန်းများကို ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၂၅ ရက်မှ ယနေ့အထိ ရက်သတ္တပတ် ၂၂ ပတ်ကြာ သင်ကြားပို့ချပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မဟာသင်္ကြန်ကာလအတွင်း ပြည်သူများနှင့်ဝန်ထမ်းများ အဆင်ပြေစွာခရီးသွားလာနိုင်ရန် အထူးရထားခရီးစဉ်များ ပြေးဆွဲမည်

**ရန်ကုန် မတ် ၂၄**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် မဟာသင်္ကြန်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် ရန်ကုန်-မန္တလေး-ရန်ကုန်၊ နေပြည်တော်-ရန်ကုန် - နေပြည်တော်နှင့် ရန်ကုန်-ပြည်-ရန်ကုန် ခရီးစဉ်များကို ပုံမှန်ရထားများအပြင် သင်္ကြန်အထူးရထားများ တိုးချဲ့ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

ဧပြီ ၇ ရက်တွင် ပြေးဆွဲမည့် ရန်ကုန်-မန္တလေး သင်္ကြန်အထူးရထားသည် ရန်ကုန်မှ ည ၇ နာရီ ၁၅ မိနစ်တွင်ထွက်ခွာ၍ နောက်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် မန္တလေးသို့ လည်းကောင်း၊ မန္တလေး-ရန်ကုန် သင်္ကြန်အထူးရထားသည် ညနေ ၆ နာရီခွဲတွင် မန္တလေးမှ ထွက်ခွာ၍ နောက်နေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ရန်ကုန်သို့ လည်းကောင်း၊ နေပြည်တော်-ရန်ကုန် သင်္ကြန်အထူးရထားသည်နေပြည်တော်မှ ညနေ ၆ နာရီခွဲတွင် ထွက်ခွာ၍ ရန်ကုန်သို့ နောက်နေ့ နံနက် ၇ နာရီ မိနစ်၂၀ တွင်လည်းကောင်း ဆိုက်ရောက်မည်ဖြစ်သည်။

ထို့အတူ ဧပြီ ၈ ရက်တွင် ပြေးဆွဲမည့် ရန်ကုန်-မန္တလေး သင်္ကြန်အထူးရထားသည် ရန်ကုန်မှ ည ၇ နာရီ ၁၅ မိနစ်တွင်ထွက်ခွာ၍ မန္တလေးသို့ နောက်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် လည်းကောင်း၊ မန္တလေး-ရန်ကုန် သင်္ကြန်အထူးရထားသည် မန္တလေးမှ ညနေ ၆ နာရီခွဲတွင်ထွက်ခွာ၍ ရန်ကုန်သို့ နောက်နေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ ရန်ကုန်-ပြည် သင်္ကြန်အထူးရထားသည် ရန်ကုန်မှ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာ၍ ပြည်သို့ ည ၈ နာရီ ၅၅ မိနစ်တွင် လည်းကောင်း၊ ပြည်-ရန်ကုန် သင်္ကြန်အထူးရထား သည် ပြည်မှ ည ၁၀ နာရီခွဲတွင် ထွက်ခွာ၍ ရန်ကုန်သို့ နောက်နေ့ နံနက် ၆ နာရီခွဲတွင် လည်းကောင်း ဆိုက်ရောက်ကြမည်ဖြစ်သည်။

အလားတူ ဧပြီ ၁၇ ရက်တွင် ပြေးဆွဲမည့် ရန်ကုန်-မန္တလေး သင်္ကြန်အထူးရထားသည် ရန်ကုန်မှ ည ၇ နာရီ ၁၅ မိနစ်တွင်ထွက်ခွာ၍ မန္တလေးသို့ နောက်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် လည်းကောင်း၊ မန္တလေး-ရန်ကုန် သင်္ကြန်အထူးရထားသည် မန္တလေးမှ ညနေ ၆ နာရီခွဲတွင်ထွက်ခွာ၍ ရန်ကုန်သို့ နောက်နေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် လည်းကောင်း၊ ရန်ကုန်-နေပြည်တော်သင်္ကြန်အထူးရထား သည် ရန်ကုန်မှ ညနေ ၅ နာရီခွဲတွင် ထွက်ခွာ၍ နေပြည်တော်သို့ နောက်နေ့ နံနက် ၆ နာရီ ၁၅ မိနစ်တွင် လည်းကောင်း၊ ရန်ကုန်-ပြည် သင်္ကြန်အထူးရထားသည် ရန်ကုန်မှ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာ၍ ပြည်သို့ ည ၈ နာရီ ၅၅ မိနစ်တွင် လည်းကောင်း၊ ပြည်-ရန်ကုန် သင်္ကြန်အထူးရထားသည် ပြည်မှ ည ၈ နာရီခွဲတွင် ထွက်ခွာ၍ ရန်ကုန်သို့ နောက်နေ့ နံနက် ၆ နာရီခွဲတွင် လည်းကောင်း ဆိုက်ရောက်မည် ဖြစ်ကြောင်း သိရသည်။

အထက်ပါနေ့ရက်များအပြင် ခရီးသွားပြည်သူများ လိုက်ပါစီးနင်းမှုအပေါ် မူတည်၍ လိုအပ်ပါက ဧပြီ ၉ ရက်နှင့် ၁၈ ရက်တို့တွင် အထူးရထားများကို ထပ်တိုးပြေးဆွဲပေးမည်ဖြစ်ပြီး သင်္ကြန်အကြိုနေ့ဖြစ်သည့် ဧပြီ ၁၃ ရက်မှ သင်္ကြန်အတက်နေ့ဖြစ်သည့် ဧပြီ ၁၆ ရက်အထိ လူစီးအမြန်ရထားအချို့ ပြေးဆွဲမှုခေတ္တရပ်နားထားမည်ဖြစ်သည်။

ရထားစီး ခရီးသွားပြည်သူများအား အထက်တန်းလက်မှတ်ကို သုံးရက်ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ်ကို တစ်ရက်ကြိုတင်၍ လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အနေဖြင့် လျှောက်လွှာများဖြင့် ကြိုတင်ဝယ်ယူနိုင်ကြောင်း မြန်မာ့ မီးရထားမှ သိရသည်။ **အာကာလင်း**



*စာမျက်နှာ ၁၆ မှ*

ကိုယ်စားလှယ်များထဲမှ အမျိုးသားရွေးကောက်ပွဲကော်မရှင်တွင် တာဝန် ထမ်းဆောင်လိုသူမရှိပါက လေ့လာသူတစ်ဦးကို အမည်စာရင်းတင်သွင်းရန်နှင့် အခြားသူများကိုလည်း အလှည့်အပြောင်းအဖြစ် ခန့်အပ်ရန် ခွင့်ပြုပေးရသည်။ လေ့လာသူများသည် မဲပေးပိုင်ခွင့်မှလွဲ၍ ရွေးကောက်ခံအဖွဲ့ဝင်များကဲ့သို့ပင် အခွင့်အရေးတူညီစွာ ရရှိကြသည်။

မဲဆန္ဒနယ်တစ်ခုစီတွင် မဲဆန္ဒနယ်မြေများ အကြီးတန်းရွေးကောက်ပွဲကော်မရှင်တစ်ခုရှိရပြီး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အရေအတွက်သည် အမျိုးသားရွေးကောက်ပွဲကော်မရှင်ကဲ့သို့ပင် ငါးဦးဖြစ်ပါသည်။ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား အမျိုးသားရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များရွေးချယ်သည့်နည်းလမ်းအတိုင်း ပါလီမန်လွှတ်တော်၌ ရွေးချယ်သည်။

မဲရုံတစ်ရုံလျှင် ရပ်ကွက်တစ်ခုသတ်မှတ်ထားပြီး ၎င်းသတ်မှတ်ချက်ထက်ကျော်လွန်၍ ရပ်ကွက်အရေအတွက် ပိုမိုများပြားလာသည့် မဲရုံများကို ကြီးကြပ်ရန် အဖွဲ့ဝင်သုံးဦးပါ ခရိုင်ရွေးကောက်ပွဲကော်မရှင်ကိုဒေသဆိုင်ရာအာဏာပိုင်များက ရွေးချယ်ခန့်အပ်သည်။ ထို့အတူ မဲရုံတစ်ရုံထက်ပိုရှိလာသော ဒေသန္တရဧရိယာများတွင် ဒေသဆိုင်ရာအာဏာပိုင်များသည် ခရိုင်ရွေးကောက်ပွဲကော်မရှင်များကို ကြီးကြပ်ရန် အထူးအကြီးတန်းရွေးကောက်ပွဲကော်မရှင်ကို အထက်ပါနည်းလမ်းအတိုင်း ရွေးချယ်တင်မြှောက်သည်။ သို့သော်လည်း အဆိုပါ အထူးအကြီးတန်းရွေးကောက်ပွဲကော်မရှင်သည် Rey-kjavyk မဲဆန္ဒနယ်၏ မဲဆန္ဒနယ်မြေများတွင်မူ အကြီးတန်းရွေးကောက်ပွဲကော်မရှင်၏ သဘောတူညီချက်ဖြင့်သာလျှင် လုပ်ငန်းတာဝန်များကို ကျင့်သုံးရမည်ဟု မြို့တော်ကောင်စီက ဆုံးဖြတ်သည်။

## ရွေးကောက်ပွဲစီမံခန့်ခွဲမှု

တရားရေးဝန်ကြီးဌာနသည် အထွေထွေရွေးကောက်ပွဲကျင်းပရေးကို ကြီးကြပ်ပြီး အမျိုးသားရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့သည် ပါလီမန်လွှတ်တော်ရွေးကောက်ပွဲ၊ သမ္မတရွေးကောက်ပွဲ၊ စည်ပင်သာယာရွေးကောက်ပွဲနှင့် ဆန္ဒခံယူပွဲကျင်းပရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ရသည်။

အထွေထွေရွေးကောက်ပွဲ ကျင်းပသည့်အခါ အမျိုးသားရွေးကောက်ပွဲကော်မရှင်သည် အမျိုးသားစာရင်းအင်းရုံး၏ လူဦးရေစာရင်းကို ရည်ညွှန်းပြီး ရွေးကောက်ပွဲနေ့မတိုင်မီ ငါးပတ်အလိုတွင် မဲဆန္ဒနယ် နယ်နိမိတ်များကို သတ်မှတ်ပေးရသည်။ ဤကဲ့သို့ သတ်မှတ်ရာတွင် လွှတ်တော်နေရာတစ်ခုစီ၏ နောက်ကွယ်ရှိ မဲဆန္ဒနယ်တစ်ခုစီတွင် မဲဆန္ဒရှင်ဦးရေ အရေအတွက်အနည်းအများ ညီမျှစေရန်နှင့် မဲဆန္ဒနယ်တစ်ခုစီသည် စဉ်ဆက်မပြတ်ဖြစ်ပေါ်လာစေရန် တတ်နိုင်သမျှသေချာစွာ သတ်မှတ်ပေးရပါသည်။ လွှတ်တော်ရွေးကောက်ပွဲများကျင်းပရန် နိုင်ငံအား မဲဆန္ဒနယ် ခြောက်နယ်အဖြစ် ပိုင်းခြားထားသည်။ အမျိုးသားရွေးကောက်ပွဲကော်မရှင်သည် မဲဆန္ဒနယ်မြေများသတ်မှတ်ထားရှိမှုကို ရွေးကောက်ပွဲနေ့မတိုင်မီ လေးပတ်ထက်နောက်မကျစေဘဲ အစိုးရပြန်တမ်းတွင် ကြေညာရသည်။

ရွေးကောက်ပွဲကျင်းပရန် မဲဆန္ဒရှင်စာရင်းများ ပြုစုပြီးပါက အများပြည်သူစစ်ဆေးကြည့်ရှုနိုင်ရန် ရွေးကောက်ပွဲမတိုင်မီ ၁၀ ရက်ထက်မနည်း ကြေညာရသည်။ ကြိုတင်မဲပေးရာတွင် အသုံးပြုမည့် သယ်ဆောင်ရလွယ်ကူသော မဲရုံအခင်းအကျင်း (Portable Polling Place) တို့ကိုလည်း စီမံဆောင်ရွက်ပေးရပြီး ကြိုတင်မဲပေးနိုင်သည့်နေ့ရက်နှင့် နေရာများကိုလည်း သတ်မှတ်ပေးရသည်။ မဲရုံတစ်ရုံ၌ ရာသီဥတုဆိုးရွားခြင်းကြောင့် လည်းကောင်း၊ ထိန်းချုပ်နိုင်မှုအခြေအနေ မရှိတော့သောကြောင့် လည်းကောင်း မဲပေးခြင်းကို မဆောင်ရွက်နိုင်ပါက ၎င်းမဲရုံ၌ မဲပေးခြင်းကို ရွှေ့ဆိုင်းနိုင်ပြီး အသစ်တစ်ဖန် မဲပေးစေခြင်းအား တစ်ပတ်အတွင်း ဆောင်ရွက်နိုင်သည်။

တရားရေးဝန်ကြီးဌာနသည် မဲလက်မှတ်များကို ပုံမှန်အားဖြင့် ရွေးကောက်ပွဲနေ့မတိုင်မီ ခုနစ်ရက်ထက်နောက်မကျစေဘဲ ပြင်ဆင်ရပြီး ၎င်းမဲလက်မှတ်များကို အကြီးတန်းရွေးကောက်ပွဲ ကော်မရှင်ထံသို့ ချက်ချင်းပေးပို့ရသည်။ အကြီးတန်းရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ ရပ်ကွက်မဲစာရင်းရှိ မဲဆန္ဒရှင်အပေါ်တွင် ၁၀ ရာခိုင်နှုန်း ထပ်ဆောင်းပေါင်းထည့်ထားသော မဲလက်မှတ်များကို လုံခြုံသောနည်းလမ်းဖြင့် ဒေသဆိုင်ရာရွေးကောက်ပွဲကော်မရှင်တစ်ခုစီသို့ ခွဲဝေပေးပို့ရသည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၂၀၀၀ ပြည့်နှစ် ရွေးကောက်ပွဲဥပဒေနှင့် ဆက်စပ်ဥပဒေများကို ရွေးကောက်ပွဲကျင်းပရန်အတွက် ရှင်းလင်းပြီး အသေးစိတ်ကျသည့် ဥပဒေမူဘောင်များအဖြစ် ချမှတ်ထားသည့်အပြင် အဆိုပါဥပဒေများကို အမျိုးသားအဆင့်နှင့် ဒေသဆိုင်ရာအဆင့် အာဏာပိုင်များက သမာသမတ်ကျစွာ လိုက်နာဆောင်ရွက်နိုင်ရေး စီမံကြီးကြပ်မှုများကိုလည်း ဆောင်ရွက်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ဥပဒေပြုရေးဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲများအပေါ်လေ့လာခြင်း (အိုက်စလန်နိုင်ငံ)

ထက်လင်း (ဦးရာဇ်မြီ)

*ယမန်နေ့မှအဆက်*

**ရွေးကောက်ပွဲဥပဒေပြဋ္ဌာန်းမှုနှင့် ပြင်ဆင်မှု**

အိုက်စလန်နိုင်ငံ၌ ရွေးကောက်တင်မြှောက်ခြင်းနှင့်သက်ဆိုင်သည့် ဥပဒေများအဖြစ် ဒေသန္တရအစိုးရရွေးကောက်ပွဲ ဥပဒေ၊ လွှတ်တော်ရွေးကောက်ပွဲများဆိုင်ရာ ဥပဒေ၊ ပါလီမန်လွှတ်တော်ရွေးကောက်ပွဲများဆိုင်ရာ ဥပဒေ၊ ရွေးကောက်ပွဲဥပဒေနှင့် သမ္မတလောင်းအဖြစ် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေများကို ပြဋ္ဌာန်းထားရှိပြီး ၂၀၂၁ ခုနှစ် ဇွန်လ ၂၅ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သော ရွေးကောက်ပွဲဥပဒေအမှတ်၊ (၁၁၂/ ၂၀၂၁) ကို ၁၆-၇-၂၀၂၁ ရက်တွင် ပြင်ဆင်သည့်ဥပဒေအမှတ်၊ (၁၁၃/ ၂၀၂၁) ဖြင့်လည်းကောင်း၊ ၃၁-၇-၂၀၂၁ ရက်တွင် ပြင်ဆင်သည့်ဥပဒေအမှတ်၊ (၁၃၇/ ၂၀၂၁) ဖြင့် လည်းကောင်း ပြင်ဆင်ပြဋ္ဌာန်းမှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး ၁၈-၃-၂၀၂၂ ရက်နေ့တွင် ပြင်ဆင်သည့်ဥပဒေအမှတ်၊ (၁၈/ ၂၀၂၂) ဖြင့် နောက်ဆုံးပြင်ဆင်ပြဋ္ဌာန်းထားသည်။

အိုက်စလန်နိုင်ငံ၌ ၁၈၇၄ ခုနှစ်မှ ၁၉၁၄ ခုနှစ် ကာလအတွင်း ကျင်းပခဲ့သော ရွေးကောက်ပွဲများတွင် အမျိုးသမီးများ မဲပေးခွင့် မရရှိခဲ့ကြပါ။ ၁၉၁၅ ခုနှစ် အရောက်တွင်မှ အသက် ၄၀ နှစ်ပြည့်၍ အိမ်ထောင်ပြုပြီးဖြစ်သည့် အမျိုးသမီးများ ဆန္ဒမဲပေးခွင့်ရရှိလာကြသဖြင့် ၁၉၁၆ ခုနှစ် တွင် ကျင်းပသော ပါလီမန်လွှတ်တော်ရွေးကောက်ပွဲ သို့ အမျိုးသမီးများ လာရောက်မဲပေးခွင့်ရရှိခဲ့ကြသည်။

**လွှတ်တော်ကိုယ်စားလှယ်လောင်းများဆိုင်ရာ**

အိုက်စလန်နိုင်ငံ၏ နေထိုင်ခွင့်သတ်မှတ်ချက်များနှင့် ပြည့်စုံသည့်အပြင် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၃၅ နှစ်ပြည့်ပြီးဖြစ်သော ပါလီမန်လွှတ်တော်ရွေးကောက်ပွဲတွင်လည်း မဲပေးပိုင်ခွင့် အရည်အချင်းများနှင့် ပြည့်စုံသောသူများသည် အိုက်စလန်သမ္မတ ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်းများအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသည်။ သို့ရာတွင် သမ္မတလောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်လိုကြောင်း လျှောက်လွှာတင်သွင်းသည့်အခါ ကိုယ်စားလှယ်လောင်းများအနေဖြင့် ၎င်းတို့အား ထောက်ခံသည့် မဲဆန္ဒရှင် ၁၅၀၀ ထက်မနည်း၊ ၃၀၀၀ ထက် မများသောသူများ၏ အဆိုပြုချက်ကိုပါ တင်သွင်းကြရသည်။ ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် ၎င်းတို့၏ လျှောက်လွှာများကို အမျိုးသားရွေးကောက်ပွဲကော်မရှင်ထံသို့ ရွေးကောက်ပွဲနေ့မတိုင်မီ ၃၆ ရက် မွန်းတည့် ၁၂ နာရီထက် နောက်မကျစေဘဲ တင်သွင်းကြရသည်။

ပါလီမန်လွှတ်တော်ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ် ပြည့်ပြီးဖြစ်သော အိုက်စလန်နိုင်ငံသားများနှင့် ရွေးကောက်ပွဲဥပဒေ အခန်း ၂၊ အပိုဒ် ၃ ပါ ပြဋ္ဌာန်းချက်များအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိပြီး အိုက်စလန်နိုင်ငံသား အခွင့်အရေးများနှင့် ပြည့်စုံသောသူများသည် ပါလီမန်လွှတ်တော် (Althingi) ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်းများအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသည်။ သို့သော်လည်း တရားရုံးချုပ် တရားသူကြီးများ၊ Ombuts-man (လွှတ်တော်ဥက္ကဋ္ဌ)နှင့် နိုင်ငံတော်သမ္မတတို့သည် ပါလီမန်လွှတ်တော် ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့် မရှိပါ။

ထို့အတူ ရွေးကောက်ပွဲကျင်းပသောနေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်သော အိုက်စလန်နိုင်ငံသားများနှင့် ရွေးကောက်ပွဲဥပဒေ အခန်း ၂၊ အပိုဒ် ၄ ပါ ပြဋ္ဌာန်းချက်များအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိပြီး အိုက်စလန်နိုင်ငံသားအခွင့်အရေးများနှင့် ပြည့်စုံသောသူများသည် ဒေသန္တရကောင်စီရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်းများအဖြစ် ဝင်ရောက်ရွေးချယ်ယှဉ်ပြိုင်ခွင့်ရှိသည်။

ပါလီမန်လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ဒေသန္တရကောင်စီကိုယ်စားလှယ်လောင်းများအနေဖြင့် ၎င်းတို့၏ ကိုယ်စားလှယ်လောင်းလျှောက်လွှာများကို အမျိုးသားရွေးကောက်ပွဲကော်မရှင်သို့ ရွေးကောက်ပွဲနေ့မတိုင်မီ ၃၆ ရက် မွန်းတည့် ၁၂ နာရီထက် နောက်ကျစေဘဲ တင်သွင်းကြရသည်။

**မဲဆန္ဒရှင်များဆိုင်ရာ**

အထွေထွေရွေးကောက်ပွဲ ကျင်းပသောအခါ ဒေသဆိုင်ရာအာဏာပိုင်များသည် အမျိုးသားမှတ်ပုံတင်ရေးဌာနမှ ပံ့ပိုးပေးထားသည့်

> **❂ အိုက်စလန်နိုင်ငံသည် ကမ္ဘာပေါ်တွင် ရှေးအကျဆုံး ဒီမိုကရေစီနိုင်ငံတစ်ခုဖြစ်သလို ကျင်းပပြုလုပ်လျက်ရှိသော ရွေးကောက်ပွဲများတွင် ပြည်သူလူထု၏ ပါဝင်မဲပေးမှုမှာ ၇၅ ရာခိုင်နှုန်းအထက်တွင်ရှိသည့် ဒီမိုကရေစီစနစ်ကို တန်ဖိုးထားလေးစားသည့် ပြည်သူများဖြင့် စုဖွဲ့တည်ထောင်ထားရှိသော နိုင်ငံတစ်နိုင်ငံဖြစ်**
>
> **❂ ပါလီမန်ရွေးကောက်ပွဲများကို အချိုးကျကိုယ်စားပြုစနစ် PR System ဖြင့် ကျင်းပပြုလုပ်သည့်အတွက် ပါတီအသီးသီးမှ ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်များ အချိုးကျပါဝင်လာခြင်းကြောင့် တစ်ပါတီကြီးစိုးမှုစနစ်ပပျောက်ကာ လွှတ်တော်အား ပိုမိုအားကောင်းသက်ဝင်လှုပ်ရှားစေ**

ရွေးကောက်ပွဲမှတ်ပုံတင် ဒေတာဘေစ့်များကို အခြေခံ၍ မဲဆန္ဒရှင်စာရင်းများကို ပြုစုရသည်။ အသက် ၁၈ နှစ်ပြည့်ပြီးသော အိုက်စလန်နိုင်ငံသားများသည် ပါလီမန်လွှတ်တော် (Althingi)၊ သမ္မတရွေးကောက်ပွဲနှင့် ပြည်သူ့ဆန္ဒခံယူပွဲများတွင် မဲပေးခွင့်ရှိသည်။ ထို့ပြင် အိုက်စလန်၌ အသက် ၁၈ နှစ်ပြည့်ပြီး အိုက်စလန်တွင် အခြေချနေထိုင်ခဲ့သော အိုက်စလန်နိုင်ငံသားများအနေဖြင့် ၎င်းတို့၏နေအိမ်ကို အိုက်စလန်မှ ပြောင်းရွှေ့သွားသည့်အချိန်ကာလသည် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ၁၆ နှစ်အတွင်းရှိပါက မဲပေးခွင့်ရှိသည်။ သို့သော်လည်း အိုက်စလန်မှ ပြောင်းရွှေ့သွားပြီးဖြစ်သည့် ၁၆ နှစ်ကျော်လွန်သူများအနေဖြင့် အိုက်စလန်ရွေးကောက်ပွဲများတွင် မဲပေးလိုပါက ရွေးကောက်ပွဲဆိုင်ရာမှတ်ပုံတင်စာရင်းတွင် ထည့်သွင်းပေးရန် အမျိုးသားမှတ်ပုံတင်ဌာနသို့ လျှောက်ထားရသည်။ ဤကဲ့သို့ လျှောက်ထားစဉ် လျှောက်ထားသူများအနေဖြင့် ၎င်းတို့သည် အိုက်စလန်နိုင်ငံသားအဖြစ် ရှိနေသေးကြောင်းဆိုသည့် ကြေညာချက်ပုံစံကို ပူးတွဲတင်ပြရသည်။ လျှောက်လွှာတင်သွင်းပြီးနောက် ဒီဇင်ဘာ ၁ ရက်နေ့မှစ၍ လူတစ်ဦး၏ အမည်ကို ရွေးကောက်ပွဲမဲပေးပိုင်ခွင့်စာရင်းတွင် ထည့်သွင်းရန် ဆုံးဖြတ်ချက်သည် လေးနှစ်သက်တမ်းသာလျှင် ရှိရမည်ဖြစ်သည်။ လျှောက်ထားချက်ကို ငြင်းပယ်ခြင်းခံရပါက ရွေးကောက်ပွဲအယူခံ ကော်မတီသို့ အယူခံဝင်နိုင်ပြီး မဲပေးပိုင်ခွင့် ရရှိရေး ဆက်လက်ဆောင်ရွက်နိုင်သည်။

သက်ဆိုင်ရာ ဒေသန္တရအုပ်ချုပ်ရေးနယ်မြေတွင် အတည်တကျနေထိုင်သည့် အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်သော အိုက်စလန်နိုင်ငံသား မည်သူမဆို ဒေသန္တရရွေးကောက်ပွဲများ (စည်ပင်သာယာရွေးကောက်ပွဲ) တွင် မဲပေးခွင့်ရှိသည်။ ထို့ပြင် ရွေးကောက်ပွဲနေ့မတိုင်မီ သုံးနှစ်တာကာလအတွက် အိုက်စလန်၌ အမြဲနေထိုင်ကြောင်း မှတ်ပုံတင်ထားသည့် ဒိန်းမတ်၊ ဖင်လန်၊ နော်ဝေနှင့် ဆွီဒင် စသည့်နိုင်ငံများမှ မည်သည့်နိုင်ငံသားမဆို ဒေသန္တရရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသည်။ အလားတူ Act On Legal Domicile And Residence No.80/ 2018 ဥပဒေပုဒ်မ ၉ အရ ဒိန်းမတ်၊ ဖင်လန်၊ ဖာရိုကျွန်းစုများ၊ နော်ဝေနှင့် ဆွီဒင် စသည့် Nordic Countries နိုင်ငံတို့အကြား အထွေထွေမှတ်ပုံတင်ခြင်းဆိုင်ရာ သဘောတူညီချက်အရ အိုက်စလန်သို့ ပြောင်းရွှေ့နေထိုင်သော၊ အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်သော ကျောင်းသား တစ်ဦးချင်းစီသည်လည်း ဒေသန္တရရွေးကောက်ပွဲ ကျင်းပသည့် အချိန်တိုင်းတွင် ရက်ပေါင်း ၄၀ ထက် နောက်မကျစေဘဲ မှတ်ပုံတင်ဌာနသို့ အဆိုပြု လျှောက်ထားပြီး မဲပေးခွင့်ရရှိရေး လျှောက်ထား နိုင်သည်။ အကယ်၍ အဆိုပြုချက်အား ငြင်းပယ်ခြင်းခံရပါက ရွေးကောက်ပွဲအယူခံကော်မတီသို့ ထပ်မံအယူခံ လျှောက်ထားနိုင်ပြီး မဲပေးခွင့်ရရှိရန် ဆက်လက်ဆောင်ရွက်နိုင်သည်။

မဲဆန္ဒရှင်စာရင်းပြုစုရာတွင် အမျိုးသားစာရင်းအင်းရုံး၏ လူဦးရေစာရင်းအရ ရွေးကောက်ပွဲမတိုင်မီ ငါးပတ်အလိုတွင် သက်ဆိုင်ရာဒေသန္တရအစိုးရနယ်မြေအတွင်း နေထိုင်ကြသူများအား ထည့်သွင်းရသည့်အပြင် အိုက်စလန်တွင် အမြဲနေထိုင်ကြောင်း ဒေသန္တရအစိုးရနယ်မြေအတွင်း မှတ်ပုံတင်ထားသူများနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ပေးပို့သည့် ညွှန်ကြားချက်များနှင့် ကိုက်ညီသူများကိုလည်း မဲဆန္ဒရှင်စာရင်းတွင် ထည့်သွင်းပြုစုရသည်။ ရွေးကောက်ပွဲကျင်းပချိန်၌ မဲဆန္ဒရှင်စာရင်းတွင် ပါဝင်ခြင်းမရှိသောသူများအနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်မရှိပါ။ အိုက်စလန်နိုင်ငံ အမျိုးသား မှတ်ပုံတင်ဌာန၏ စာရင်းဇယားများအရ ၂၀၂၀ ပြည့်နှစ်အတွင်း မဲပေးခွင့်ရရှိရေး မှတ်ပုံတင်ထားသူ (Voter Register) ပြုလုပ်ထားသူမှာ ၂၅၂၂၁၇ ဦးဖြစ်သည်။

**ဆန္ဒမဲပေးခြင်း**

ကြိုတင်မဲပေးခြင်းကို လွှတ်တော်ကိုယ်စားလှယ်လောင်းများစာရင်းအား ထုတ်ပြန်ကြေညာပြီးနောက် ဆောင်ရွက်နိုင်သော်လည်း ရွေးကောက်ပွဲနေ့မတိုင်မီ ၂၉ ရက်ထက် စော၍ မပြုလုပ်နိုင်ပါ။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံသို့ မလာရောက်နိုင်သော မဲဆန္ဒရှင်များသည် ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရွေးကောက်ပွဲနေ့မတိုင်မီ ကြိုတင်ဆန္ဒမဲပေးနိုင်သည်။ ကြိုတင်ဆန္ဒမဲပေးပြီးသော မဲဆန္ဒရှင်တစ်ဦးသည် ရွေးကောက်ပွဲနေ့တွင်လည်း မဲရုံသို့ လာရောက်ပြီး မဲပေးနိုင်သည်။ သို့သော်လည်း ဤကဲ့သို့အခြေအနေတွင် ၎င်းပုဂ္ဂိုလ်ပေးခဲ့သော ကြိုတင်မဲကို ရေတွက်ခြင်းမပြုပါ။ အိုက်စလန်နိုင်ငံပြင်ပ၌ ကြိုတင်မဲပေးခြင်းကို ရွေးကောက်ပွဲနေ့မတိုင်မီ တစ်ရက် ညနေ ၅ နာရီအထိ ဆောင်ရွက်နိုင်သည်။ ကျန်းမာရေးစောင့်ရှောက်မှုနှင့် သက်ကြီးရွယ်အို စောင့်ရှောက်ရေးဂေဟာများတွင် နေထိုင်သည့်မဲဆန္ဒရှင်များ၊ မသန်စွမ်းသူများနှင့် အကျဉ်းထောင်အသီးသီးရှိ အကျဉ်းသားများသည်လည်း ၎င်းတို့တည်ရှိရာနေရာများတွင် ကြိုတင်မဲပေးနိုင်သည်။ ထို့ပြင် မိမိနေအိမ်တွင် နေမကောင်းဖြစ်နေသူများ၊ မသန်စွမ်းသူများနှင့် မီးဖွားနေသူများသည်လည်း ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကြိုတင်မဲပေးနိုင်သည်။ အိုက်စလန်နိုင်ငံပြင်ပ အခြားနိုင်ငံများသို့ ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည်လည်း အိုက်စလန်သံရုံး၊ အိုက်စလန်ကောင်စစ်ဝန်ရုံး သို့မဟုတ် အိုက်စလန်နိုင်ငံ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ရုံးများတွင် ကြိုတင်ဆန္ဒမဲပေးခြင်းကို ဆောင်ရွက်နိုင်သည်။

ရွေးကောက်ပွဲနေ့တွင် မဲရုံများကို နံနက် ၉ နာရီတွင် စတင်ဖွင့်လှစ်ရသည်။ သို့သော်လည်း အကြီးတန်းရွေးကောက်ပွဲကော်မရှင်သည် မဲရုံကို မွန်းတည့် ၁၂ နာရီထက် နောက်မကျဘဲ ဖွင့်လှစ်ရန် ဆုံးဖြတ်နိုင်သည်။ မဲပေးရန်လာရောက်သော မဲဆန္ဒရှင်များသည် ၎င်းတို့၏သက်သေခံစာရွက်စာတမ်း သို့မဟုတ် နိုင်ငံသားစိစစ်ရေးကတ်ပြား (ID) သို့မဟုတ် ရွေးကောက်ပွဲကော်မရှင်က ကျေနပ်လောက်သည့်အထောက်အထားများကို ပြသကြရသည်။ မဲဆန္ဒရှင်စာရင်းတွင်ပါဝင်သည့် မဲပေးပိုင်ခွင့်ရှိသူများသာလျှင် မဲလက်မှတ်ကို လက်ခံရရှိသည်။

*စာမျက်နှာ ၁၁ သို့*

# သမဝါယမပိုင်ဆီစက်များ စွမ်းအားပြည့်လည်ပတ်နိုင်ရေးညှိနှိုင်းဆွေးနွေး

**နေပြည်တော် မတ် ၂၅**

ပြည်တွင်းစားသုံးမှုဖူလုံစေရေးအတွက် သမဝါယမအသင်းများက ဆီစက်များကို တည်ထောင်ဆောင်ရွက်လျက်ရှိရာ ဆီစက်များစွမ်းအားပြည့် လျာထားချက်ပြည့်မီအောင် ထုတ်လုပ်လည်ပတ်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အစည်းအဝေးခန်းမ၌ မတ် ၂၄ ရက်က အွန်လိုင်းစနစ်ဖြင့် ပြုလုပ်ခဲ့သည်။




အစည်းအဝေးသို့ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့်တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီ၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိများ၊ မြို့နယ်သမ ဝါယမအသင်းစုဥက္ကဋ္ဌများနှင့် ဆီစက်လုပ်ငန်းလုပ်ကိုင်ကြသည့် သမဝါယမအသင်းများမှ တာဝန်ရှိသူများတက်ရောက်ပြီး ညွှန်ကြားရေးမှူးချုပ်က ဆီစက်များ စွမ်းအားပြည့်လည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်ကြရန်၊ သီးနှံများပေါ်ချိန်တွင် ကုန်ကြမ်းများ ဝယ်ယူသိုလှောင်ထားရှိရေး၊ ဈေးကွက်များ ရရှိနိုင်ရေး၊ သမဝါယမအသင်းသားတောင်သူများက ဆီထွက်သီးနှံများ လာရောက်ရောင်းချပါက Refund ပြန်လည်ထုတ်ပေးနိုင်ရေးတို့ကို ဆွေးနွေးသည်။

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဖြူတ်ခွဲကျေးရွာရှိ ကျောက်စိမ်းလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းပိုင်ဆီစက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်သမဝါယမ အသင်းစုပိုင်ဆီစက်နှင့် အောင်လံမြို့နယ်သမဝါယမအသင်းစုပိုင်ဆီစက်၊ ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် သမဝါယမအသင်းစုပိုင်ဆီစက်နှင့် ရွှေတောင်မြို့နယ်သမဝါယမအသင်းစုပိုင်ဆီစက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် သမဝါယမအသင်းစုပိုင်ဆီစက်နှင့် ဟသ်ာတမြို့နယ် သမဝါယမအသင်းစုပိုင်ဆီစက်၊ ကချင်ပြည်နယ် မြစ်ကြီးနားနှင့် မိုးညှင်းမြို့နယ်တို့တွင် ဆီစက်များ တည်ထောင်လည်ပတ်၍ ဆီကြိတ်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါဆီစက်များကို စွမ်းအားပြည့်လည်ပတ်နိုင်ရေး ကြိုးစားဆောင်ရွက်နေကြောင်း၊ ဆီထွက်နှုန်းကောင်းမွန်စေရေးနှင့် ဆီကျန်ပါဝင်မှုနည်းပါးစေရေးတို့အတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း အစည်းအဝေးမှ သိရသည်။

**သတင်းစဉ်**

## ၂၀၂၃ ခုနှစ် မတ်လထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

**နေပြည်တော် မတ် ၂၅**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်ကို အပြောင်းအလဲများပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ် ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာခေတ်မီအကြောင်းအရာများနှင့် ယခုလအတွက် ရေးသားသည့် "မျိုးဆက်သစ်လူငယ်များတိုးတက်ရေး မူးယစ်ဆေးမှန်သမျှ တိုက်ထုတ်ပေး" မျက်နှာဖုံးဆောင်းပါးကြီးများပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (မတ်လ) ကို ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

၂၀၂၃ ခုနှစ် မတ်လထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာ ခင်မောင်ညို၊ ခင်မောင်အေး၊ တာရာဝင့်ထွန်းတို့၏ "မျိုးဆက်သစ်လူငယ်များတိုးတက်ရေး မူးယစ်ဆေးမှန်သမျှ တိုက်ထုတ်ပေး" မျက်နှာဖုံးဆောင်းပါးများ၊ နေညိုယဉ်၊ ကောင်းသန့်၊ မောင်ဒီပ (ပညာရေး)၊ ညီညီဖေ၊ နေသူရိန်၊ ကိုဇော်ဌေး (ယဉ်ကျေးမှု)၊ ကိုဝင်းမော်ထွန်း၊ တွဲဖက်ပါမောက္ခ ဦးလွင်မြင့်၊ ကိုကျော်စွာ(ကျိုက်ပိ)၊ ညီမော်သိမ်းတို့၏ လူငယ်ရေးရာဆောင်းပါးများ၊ ကိုရင်ကျော်၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာဆောင်းပါး၊ K.M.A ၊ ဦးဟန်ညွှန့်(ဥပဒေ) တို့၏ နိုင်ငံတကာနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဆောင်းပါးများ၊ ဆန်းသစ်အောင်(မဟာဝိဇ္ဇာ– အင်္ဂလိပ်ဘာသာစကား)၊ ပါမောက္ခ ကိုကိုအောင်တို့၏ ဒီမိုကရေစီနှင့် သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာ ဆောင်းပါးများ၊ နေ၊ စံမြတ်ဘုန်း(စစ်ကိုင်း) တို့၏ လူကုန်ကူးမှုနှင့် မသန်စွမ်းသူများဆိုင်ရာ ဆောင်းပါးများ၊ မြတ်နိုးဦး (စာပေဗိမာန်)၊ ဒေါက်တာမြင့်သန်း၊ ဒေါက်တာ မြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)၊ ဒေါက်တာ လွင်သန့်တို့၏ မူးယစ်နှင့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၏ စီးပွားရေးဆိုင်ရာဆောင်းပါး၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ ခိုင်ဇော် (ဒဿန)၊ ရဲထက်ဇော်၊ ဆောင်းဝင်းလတ်၊ ကိုကိုအောင် (အလုပ်သမား)၊ မော်(သန်လျင်)တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်နှင့် အထွေထွေကဏ္ဍများကို ရောင်စုံဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၁–၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇– ၃၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉–၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း ၀၂– ၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင်အမှတ် (၅၂၉–၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁–၈၂၄၉၀၃၁၊ ၀၁– ၈၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများမှ အဌမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်

**နေပြည်တော် မတ် ၂၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွာင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများ ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင် သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများတွင် ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် အဌမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းကို ဖေဖော်ဝါရီ ၂၀ ရက်မှ မတ် ၃၁ ရက်အထိ ဖွင့်လှစ်လျက်ရှိပြီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း ၁၀ ကျောင်း၌ ဖေဖော်ဝါရီ ၂၀ ရက်အထိ သင်တန်းသား သင်တန်းသူ ၅၀၁ ဦး တက်ရောက်လျက်ရှိသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

မဲလက်မှတ်စာရွက်ကို လက်ခံရရှိပြီးနောက် မဲဆန္ဒရှင်သည် ၎င်းမဲပေးလိုသည့် ကိုယ်စားလှယ် လောင်းကို မဲလက်မှတ်စာရွက်ပါ ကိုယ်စားလှယ် လောင်းဘေးရှိ သတ်မှတ်ထားသောနေရာ၌ ကော်မရှင်က ပံ့ပိုးထားရှိသည့် ဂရပ်ဖိုက်ခဲတံ (graphite pencil) ဖြင့် ခြစ်၍ မဲပေးရသည်။

### ရွေးကောက်ပွဲရလဒ်များရေတွက်ခြင်း၊ ကြေညာခြင်း

ပါလီမန်လွှတ်တော် ရွေးကောက်ပွဲအတွက် ဆန္ဒမဲများရေတွက်ပြီးနောက် အကြီးတန်းရွေးကောက်ပွဲကော်မရှင်သည် ဆန္ဒမဲရလဒ် အစီရင်ခံစာကို အမျိုးသားရွေးကောက်ပွဲကော်မရှင်သို့ ချက်ချင်းအစီရင်ခံ ပေးပို့ရသည်။ အမျိုးသားရွေးကောက်ပွဲကော်မရှင်သည် အကြီးတန်းရွေးကောက်ပွဲကော်မရှင်က ပေးပို့လာသည့် မဲဆန္ဒနယ်တစ်ခုစီရှိ ကိုယ်စားလှယ်လောင်းတစ်ဦးစီရရှိသည့် မဲအရေအတွက်ကို စုစည်းပြီး စာရင်းများနှင့်ကိုယ်စားလှယ်လောင်းများအတွက် မဲအရေအတွက်ကို တွက်ချက်ရသည်။ ပါလီမန်လွှတ်တော်ရွေးကောက်ပွဲ၊ သမ္မတရွေးကောက်ပွဲနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများတွင် မဲရေတွက်ခြင်းကို မဲဆန္ဒနယ်မြေများ အကြီးတန်းရွေးကောက်ပွဲကော်မရှင်က တာဝန်ယူ ဆောင်ရွက်ရသည်။ မဲဆန္ဒနယ်တစ်နယ်၏ အကြီးတန်းရွေးကောက်ပွဲကော်မရှင်သည် မဲရေတွက်ခြင်းကို အခြေခံသည့်နေရာတွင်သာမက မဲဆန္ဒနယ်၏ အခြားတစ်နေရာဖြစ်သော တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်၏ ဥပစာတွင်လည်း ကျင်းပနိုင်သည်။ ဒေသဆိုင်ရာရွေးကောက်ပွဲများ၏ ဆန္ဒမဲရေတွက်ခြင်းကို ဒေသဆိုင်ရာအကြီးတန်း ရွေးကောက်ပွဲကော်မရှင်ကသာလျှင် တာဝန်ယူဆောင်ရွက်ရသည်။ အကြီးတန်းရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ဆန္ဒမဲရေတွက်ခြင်းကို မည်သည့်နေရာ၊ မည်သည့်အချိန်တွင် ပြုလုပ်ရမည်ကို သင့်လျော်သောအသိပေးချက်ဖြင့် ထုတ်ပြန်ရသည်။ မဲရေတွက်ခြင်းအား မဲရုံပိတ်ပြီးနောက် တတ်နိုင်သမျှ အမြန်ဆုံးစတင်ရသည်။ မဲရေတွက်ခြင်းများ ပြီးဆုံးမည့်နောက်တွင် ဒေသန္တရရွေးကောက်ပွဲရလဒ်များကို ဒေသန္တရအကြီးတန်းရွေးကောက်ပွဲကော်မရှင်က လည်းကောင်း၊ ပါလီမန်လွှတ်တော် (Althingi) ရွေးကောက်ပွဲရလဒ်များကို မဲဆန္ဒနယ်မြေများ အကြီးတန်းရွေးကောက်ပွဲကော်မရှင်က လည်းကောင်း၊ သမ္မတရွေးကောက်ပွဲနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲရလဒ်များကို အမျိုးသားရွေးကောက်ပွဲကော်မရှင်ကလည်းကောင်း ထုတ်ပြန်ကြေညာရပါသည်။

### ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲနှင့် နောက်ဆုံးကျင်းပခဲ့သည့် ရွေးကောက်ပွဲများ

အိုက်စလန်နိုင်ငံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတရွေးကောက်ပွဲနှင့် ပါလီမန်လွှတ်တော် ရွေးကောက်ပွဲများကို လေးနှစ်လျှင် တစ်ကြိမ် ကျင်းပသည်။ ပါလီမန်လွှတ်တော် ရွေးကောက်ပွဲများကို လေးနှစ်တစ်ကြိမ် ကျင်းပရမည်ဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် လွှတ်တော်ကို ဖျက်သိမ်းရသည့်အခါ သတ်မှတ်ထားသော အချိန်ထက် ဆောလျင်စွာ ကျင်းပရသည့်ဖြစ်စဉ်များလည်း ရှိပါသည်။ အိုက်စလန်နိုင်ငံ၏ ပါလီမန်လွှတ်တော် ရွေးကောက်ပွဲကို ၂၀၂၁ ခုနှစ်တွင် ကျင်းပခဲ့ပြီးဖြစ်သဖြင့် ၂၀၂၅ ခုနှစ်တွင် ထပ်မံကျင်းပရမည်ဖြစ်သည်။

### နိဂုံး

အိုက်စလန်နိုင်ငံသည် ကမ္ဘာပေါ်တွင် ရှေးအကျဆုံး ဒီမိုကရေစီနိုင်ငံတစ်ခုဖြစ်သလို ကျင်းပပြုလုပ်လျက်ရှိသော ရွေးကောက်ပွဲများတွင် ပြည်သူလူထု၏ ပါဝင်မဲပေးမှုမှာ ၇၅ ရာခိုင်နှုန်းအထက်တွင်ရှိသည့် ဒီမိုကရေစီစနစ်ကို တန်ဖိုးထားလေးစားသည့် ပြည်သူများဖြင့် စုဖွဲ့တည်ထောင်ထားရှိသော နိုင်ငံတစ်နိုင်ငံ ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ပါလီမန်ရွေးကောက်ပွဲများကို အချိုးကျကိုယ်စားပြုစနစ် PR System ဖြင့် ကျင်းပပြုလုပ်သည့်အတွက် ပါတီအသီးသီးမှ ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်များ အချိုးကျပါဝင်လာခြင်းကြောင့် တစ်ပါတီကြီးစိုးမှုစနစ် ပပျောက်ကာ လွှတ်တော်အား ပိုမိုအားကောင်းသက်ဝင်လှုပ်ရှားစေသည်။ ထို့ပြင် အစိုးရဖွဲ့စည်းရာတွင်လည်း ကိုယ်စားလှယ်အများဆုံးရရှိသည့်ပါတီ သုံးခုပေါင်းစည်း၍ ညွှန့်ပေါင်းအစိုးရဖွဲ့စည်းပေးရခြင်းကြောင့် အစိုးရနှင့် လွှတ်တော်ကြား အပြန်အလှန်ထိန်းကျောင်းမှု ပိုမိုပြုလုပ်နိုင်သည်ကို လေ့လာတွေ့ရှိရကြောင်း တင်ပြလိုက်ရပါသည်။ ။